# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

August 1 , 2025 Volume 93, Number 1


**၁. ၈.၂၀၂၅**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၉၇.၉၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၈.၀၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၇၀.၄၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၀.၄၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၂၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၀၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၉.၅၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၀.၆၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၀၁ ကျပ် |


## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ဆန်စက် ၁၄ ခု၌ ဆိုလာစွမ်းအင် ၁၈ မဂ္ဂါဝပ်ကျော်ထုတ်မည်




ယခု ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးက ဆန်စက် ၁၄ ခုမှာ ဆိုလာစွမ်းအင်နဲ့လျှပ်စစ် ၁၈ ဒသမ ၄ မဂ္ဂါဝပ် တပ်ဆင်ထုတ်လုပ်နိုင်ဖို့ ပြင်ဆင်နေတယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က သိရပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းပြီး ဆန်စက်တွေမှာ ဆိုလာစွမ်းအင်နဲ့လျှပ်စစ်ထုတ်လုပ်နိုင်ဖို့ ပြင်ဆင်နေတာ ဖြစ်ပါတယ်။

လက်ရှိမှာရွှေလင်ပန်းစက်မှုဇုန်ကရွှေဝါရောင်ဆန်စက်မှာ ဆိုလာစွမ်းအင်နဲ့ လျှပ်စစ်ကီလိုဝပ် ၅၀၀ ထုတ်လုပ်သုံးစွဲနေပြီး မြစိမ်းရောင်စက်မှုဇုန်က သမာဓိဆန်စက်မှာ ဆိုလာစွမ်းအင်နဲ့ လျှပ်စစ်ကီလိုဝပ် ၂၀၀ ထုတ် လုပ်သုံးစွဲ နေတယ်လို့ သိရပါတယ်။


ပို့ကုန်လုပ်ငန်းဆောင်ရွက်နေတဲ့ ဆန်စက်တွေမှာ ဆိုလာစွမ်းအင်ကို ပေါင်းစပ်ထုတ်လုပ်နိုင်ဖို့အတွက်မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နဲ့ ဆိုလာစွမ်းအင်နဲ့ဆက်စပ်ပစ္စည်းများ တင်သွင်းဖြန့်ချိ တပ်ဆင်တဲ့ ကုမ္ပဏီ ၁၇ ခုနဲ့ MoU ရေးထိုးထားပါတယ်။

ပြည်တွင်းမှာဆိုလာစွမ်းအင်တပ်ဆင်မဲ့ဆန်စက် ၂၈ ခုမှာစုစုပေါင်းတပ်ဆင် အင်အား ၄၁ ဒသမ ၉ မဂ္ဂါဝပ်ကို မတ်လကစတင်ပြီး ကနဦးစူးစမ်းလေ့လာတာနဲ့ တည်ဆောက်တပ်ဆင်တာတွေကို ဆောင်ရွက်နေပြီလို့ သိရပါတယ်။

ဒါ့ပြင် ဆန်စပါးစိုက်ပျိုးတဲ့တောင်သူလယ်သမားတွေအတွက် စိုက်ပျိုးရေရရှိရေးကို ဆိုလာနဲ့ဆောင်ရွက်မဲ့လုပ်ငန်းတွေမှာပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုနဲ့ ဆောင်ရွက်နိုင်ဖို့ စီမံကိန်းရေးဆွဲပြင်ဆင်နေတယ်လို့လည်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က သိရပါတယ်။

**Source :** https://onenewstvchannel.com/

## ပြည်တွင်းဝယ်လိုအားကြောင့် ယခင်နှစ်ကထက် ထောပတ်သီးရောင်းအားပိုကောင်းမည်



ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သည့်ထောပတ်သီးများသည် ပြည်တွင်း ဝယ်လိုအားမြင့်တက်လာမှုကြောင့် ယခင်နှစ်ထက် ရောင်းအားပိုကောင်းနေကြောင်း ထောပတ်သီးစိုက်ပျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများ အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုနှစ် ဇူလိုင်လဆန်းမှစ၍ ထောပတ်သီးရာသီ စတင်ချိန်ဖြစ်ပြီးအမရာထောပတ်သီးနှင့်035-ထောပတ်သီးများဈေးကွက်သို့ စတင်ဝင်ရောက်နေပြီဖြစ်ကာ Hassအမျိုးအစားများ မထွက်သေးကြောင်း သိရသည်။

"ထောပတ်သီးစတင်ပေါ်ပြီဖြစ်လို့ ဈေးကွက်ထဲမှာရောင်းအားကောင်းနေပါတယ်။ ထောပတ်သီးအရသာနဲ့ ကျန်းမာရေးကောင်းမွန်တဲ့အကျိုးကျေးဇူးတွေကိုသိလာတော့ပြည်တွင်စားသုံးမှု ပိုများလာတာကိုတွေ့ရတယ်။

ထိုင်းနိုင်ငံဘက်ကို တာချီလိတ်လမ်းကြောင်းကနေ တင်ပို့တယ်။ပြည်ပပို့တာက Hass အမျိုးအစားဆိုတော့ ခုချိန်မှာ မပေါ်သေးလို့ တင်ပို့တာမရှိသေးဘူး။တစ်နှစ်ထက်တစ်နှစ် ပြည်တွင်းစားသုံးမှုက ပိုများလာပါတယ်"ဟု ၎င်းကပြောသည်။

လက်ရှိပြည်တွင်းထောပတ်သီးဈေးကွက်တွင်အမရာသီးမှာတစ်ကီလိုဂရမ်လျှင် ငွေကျပ် ၅၀၀၀ဝန်းကျင်နှင့် 035 ထောပတ်သီးမှာတစ်ကီလိုဂရမ်လျှင် ငွေကျပ် ၁၀,၀၀၀ ဝန်းကျင်ပေါက်ဈေးရှိကြောင်း စားသုံးမှုများပြားလာသည့်အတွက် လူမှုကွန်ရက်မှာ ရောင်းချသူများစွာရှိလာကြောင်း သိရသည်။

"မနှစ်က ထောပတ်တစ်ရာသီမှာ တန်ချိန် ၄၀၀၀ ကျော် လောက်ထွက်ခဲ့ပြီး ဒီနှစ်မှာ တန်ချိန် ၈၀၀၀ လောက် ထွက်နိုင်တာကြောင့် ထွက်နှုန်းကောင်းမယ်။လိုအပ်ချိန်မှာ မိုးရတော့ခုလိုထွက်အားကောင်းနိုင်သလို ဈေးကွက်မှာလည်း စားသုံးသူပိုများလာပြီ"ဟု ဆက်လက်ပြောကြားသည်။

ထောပတ်သီးစိုက်ပျိုးသူများ၏ ထုတ်လုပ်မှုတွင် လိုအပ်ချိန်မိုးကောင်းစွာရရှိသဖြင့် ထောပတ်သီးများ အောင်မြင်ဖြစ်ထွန်းကာ အသီးအရွယ်အစားကောင်းမွန်ပြီး အသားပါဝင်မှုများကာ ထွက်အားလည်းကောင်းမည်ဟု သိရသည်။

**Source : မကွေးဂျာနယ်**

## သြဂုတ်လတွင် နိုင်ငံတကာ ကုန်သေတ္တာတင်ယာဉ် ၆၀ စင်းဝင်ရောက်ဆိုက်ကပ်မည်

သြဂုတ်လတွင်နိုင်ငံတကာကုန်သေတ္တာတင်ယာဉ် ၆၀ စင်းဝင်ရောက်ဆိုက်ကပ်မည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သိရသည်။



ကုန်သွယ်မှုလုပ်ငန်းများကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှပိုမိုဆောင်ရွက်နေပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့အပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာတင်သင်္ဘောများလစဉ်ပုံမှန်ဝင်ရောက်ဆိုက်ကပ်လျက်ရှိသည်။

ပြီးခဲ့သည့် ဇန်နဝါရီလမှ ဇူလိုင်လအတွင်း နိုင်ငံတကာကုန်သေတ္တာတင်ယာဉ် ၄၂၄ စင်းဝင်ရောက်ဆိုက်ကပ်ခဲ့ကြောင်း ၊ ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် တစ်နှစ်တာအတွင်းကလည်း ပြည်တွင်းသို့ နိုင်ငံတကာကုန်သေတ္တာတင်ယာဉ် ၆၃၃ စင်း ဝင်ရောက်ဆိုက်ကပ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်ဆိပ်ကမ်းဧရိယာတွင် အပြည်ပြည်ဆိုင်ရာရေယာဉ်ကြီးများဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းတံတား ၂၇ စင်း၊ ရန်ကုန်သီလဝါအပြင် ဆိပ်ကမ်းဧရိယာတွင် ဆိပ်ကမ်းတံတား ၁၉ စင်း စုစုပေါင်း ၄၆ စင်းဖြင့် ဝန်ဆောင်မှုပေးနေခြင်းဖြစ်သည်။

ပြည်ပသို့ ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်းလိုအပ်ချက်အရ သွင်းကုန်များ တိုးမြှင့်တင်သွင်းနိုင်ရန်အတွက်လည်းကောင်း၊ ကုန်သေတ္တာသင်္ဘောလိုင်းအသီးသီးက ခရီးစဉ်များပြန်လည်တိုးချဲ့ပြေးဆွဲရန် စီစဉ်ထားရှိကြောင်းလည်း သိရသည်။

**Source :** https://www.popularmyanmar.com/

## ဒေသထွက်ဖူးစားပြောင်း ခေါ် ရှမ်းပြောင်းများ ဈေးနှုန်းအခြေအနေ



ကယားပြည်နယ်ရှိ ဒေသခံပြည်သူများသည် စားဝတ်နေရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းကို အများဆုံးလုပ်ကိုင်စားသောက်ကြသည်။

စိုက်ပျိုးရေးလုပ်ငန်းများအနက် ပြောင်းဖူး စိုက်ပျိုးရေးလုပ်ငန်းကို တွင်ကျယ်စွာ လုပ်ကိုင်ကြသည်။ ပြောင်းဖူးအမျိုးအစားများမှာ သကြားပြောင်း၊ ကုလားပြောင်း၊ ဖူးစား ပြောင်းခေါ် ရှမ်းပြောင်းဟူ၍ အမျိုးမျိုးရှိပြီး ဇူလိုင်လတွင် ဒေသထွက်ဖူးစားပြောင်း ခေါ် ရှမ်းပြောင်းသည် အများဆုံး ထွက်ရှိပြီး ဈေးကွက်အတွင်း အများအပြားတွေ့ရှိရသည်။

ဖူးစားပြောင်းကို ရှမ်းပြောင်းဟူ၍လည်း အချို့ကခေါ်ဝေါ်ကြသည်။ အချို့အရပ်ဒေသ၌ ကောက်ညှင်းချိပ်ပြောင်းဟူ၍လည်း ခေါ်သည်။ ကောက်ညှင်းကဲ့သို့ ကပ်စေး၍ အရသာမှာ အလွန်နူးညံ့သောကြောင့်ဖြစ်သည်။ ဖူးစားပြောင်းများကို ပြုတ်၍သော်လည်းကောင်း၊ ကြော်၍သော်လည်းကောင်း အမျိုးမျိုးပြုလုပ်၍စားသောက်ကြသည်။ ဖူးစားပြောင်းများကို ကယားပြည်နယ် လောပိတမြို့၊ မိုက်ကမ်းကျေးရွာ၊ ရှမ်းရွာများတွင်အများဆုံးစိုက်ပျိုးကြသည်။ ပြောင်းဖူးအစိမ်းတစ်ဖူးလျှင် ၅၀၀-၆၀၀ ကျပ်နှင့် ပြုတ်ပြီးသားပြောင်းဖူးတစ်ဖူးလျှင် ၆၀၀-၇၀၀ ကျပ်အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဈေးသည်များထံက သိရသည်။

**Source : DOCA**(ကယား)

https://www.doca.gov.mm/

## ကရင်ပြည်နယ်ဒေသထွက် ပီလောပီနံဥ ဈေးနှုန်းအခြေအနေ



ရာသီစာဖြစ်သည့် ကရင်ပြည်နယ်ဒေသထွက် ပေါ်ဦးပေါ်ဖျားပီလောပီနံဥကို ဘားအံမြို့ အနီးတစ်ဝိုက်ရှိကျေးရွာများက ဘားအံမြို့ပေါ်ဈေးများသို့ လာရောက်ရောင်းချကြသည်။

ဒေသခံတောင်သူများသည် ပီလောပီနံဥကို အပိုဝင်ငွေရရှိရန်အတွက် မိမိတို့၏ အိမ်ခြံဝန်းအတွင်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြသည့်အပြင် စီးပွားဖြစ်လည်း စိုက်ပျိုးကြသည်။ ပီလောပီနံသည် လူသားတို့နှင့်သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းပြီး နိုင်ငံခြား ဝင်ငွေရရှိနိုင်သောကြောင့် စိုက်ပျိုးသင့်သောသီးနှံတစ်ခုဖြစ်သည်။

ပီလောပီနံ့ဥကို ပြုတ်၍စားစား၊ ပြန်ပေါင်းလုပ်၍စားစား အရသာရှိလှသည်။ ပီလောပီနံ့မှ အမွှေးခါတ်နဲ့ ကာဗိုဟိုက်ဒရိတ် ကြွယ်ဝစွာပါဝင်နေသလို အကျိုးပြုကိုလက်စထရောနဲ့ပရိုတင်းတို့လည်း ပါဝင်သည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လတတိယပတ်တွင် ပီလောပီနံ့ဥစျေးနှုန်းမှာ တစ်ပိဿာလျှင် ၆၀၀၀ကျပ်နှုန်းဖြင့် ကရင်ပြည်နယ်၊ ဘားအံမြို့ရေပေါ်စျေးတွင် အဝယ်လိုက်ကာရောင်းချလျက်ရှိကြောင်း သိရသည်။

**Source: DOCA(ကရင် )**

https://www.doca.gov.mm/

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကုန်သွယ်မှုလိုငွေများ အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံခန့် ကျဆင်းလာ



ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကုန်သွယ်မှုလိုငွေများသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ပထမ ၁၁ လ ကာလအတွင်း ဒေါ်လာ ၈၈၄ သန်းခန့် ကျဆင်းရာမှ ဒေါ်လာ ၂၀ ဘီလီယံနီးပါး အထိ ကျဆင်းခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်ဘဏ်(BB)၏ ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

ဇူလိုင်လ ၁၄ ရက်နေ့တွင် ထုတ်ပြန်သော ဘင်္ဂလားဒေ့ရှ်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ တင်သွင်းကုန်ငွေပေးချေမှုသည်ဇူလိုင်လနှင့်မေလအတွင်းဒေါ်လာ ၆၀ ဒသမ ၂၅ ဘီလီယံခန့်ယခင်နှစ်ထက်၄ ဒသမ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ၎င်း၏တင်ပို့ကုန်ဝင်ငွေသည် ဒေါ်လာ ၄၀ ဒသမ ၈၇ ဘီလီယံခန့် ယခင်နှစ်ထက် ၉ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

အချက်အလက်များအရ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ၎င်းနိုင်ငံ၏ ကုန်သွယ်မှုလိုငွေသည်၂၀ ဒသမ၂၂ ဘီလီယံခန့်ရှိပြီး ယခုနှစ်အတွင်းတင်ပို့ကုန်ဝင်ငွေနှင့်တင်သွင်းကုန်ငွေပေးချေမှုကြားကွာဟမှုသည်ယခင်ဘဏ္ဍာနှစ်နှင့်တူညီနေကြောင်းသိရသည်။

**Source: Xinhua**

**DOCA(ရန်ကုန်)**

**https://www.doca.gov.mm/**

## တရုတ်နိုင်ငံ၏ နည်းပညာမြင့်အသေးစား/အလတ်စားလုပ်ငန်းများသို့ ချေးငွေထောက်ပံ့မှု ပိုမိုအားကောင်းလာ

တရုတ်နိုင်ငံသည် ၂၀၂၅ ခုနှစ်အတွင်း နည်းပညာမြင့်လုပ်ငန်းများအတွက် ချေးငွေထောက်ပံ့မှုကို တိုးမြှင့်ဆောင်ရွက်ခဲ့ပြီး ဒုတိယသုံးလပတ်အတွင်း ယင်းကဏ္ဍရှိ အသေးစား/အလတ်စားလုပ်ငန်းများ(SMEs)၏ထက်ဝက်ခန့်သည် ချေးငွေများစွာ တရားဝင် ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

တရုတ်နိုင်ငံ၊ဗဟိုဘဏ်(People's Bank of China-PBOC)၏ထုတ်ပြန်ချက်အရချေးငွေထောက်ပံ့မှုရရှိသည့် နည်းပညာမြင့် SMEs လုပ်ငန်းအချိုးအစားသည် ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၃ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်လာကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ဒုတိယသုံးလပတ်တွင် ပြည်တွင်း/ပြည်ပငွေကြေးများဖြင့် နည်းပညာမြင့် SMEs များသို့ ထုတ်ချေးထားသည့် ချေးငွေပမာဏသည် ယွမ် ၃ ဒသမ ၄၆ ထရီလီယံ(အမေရိကန်ဒေါ်လာ ၄၈၄ ဘီလီယံခန့်) အထိရှိခဲ့ပြီး ယခုနှစ် ဇူလိုင်လအထိ တစ်နှစ်ကာလအတွင်း ၂၂ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်။ PBOC ၏အစီရင်ခံစာအရ အဆိုပါတိုးတက်မှုနှုန်းသည်

စုစုပေါင်းချေးငွေတိုးတက်မှုထက် ၁၆ ဒသမ ၁ ရာ ခိုင်နှုန်းပိုမိုခဲ့ကြောင်း တွေ့ရှိရသည်။

အလားတူပင်နည်းပညာမြင့် SMEs လုပ်ငန်းများအတွက် ပြည်တွင်း/ပြည်ပငွေကြေးဖြင့် ထုတ်ချေးထားသည့် ချေးငွေပမာဏသည် တစ်နှစ်ကာလအတွင်း ၈ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်လာခဲ့ပြီး စုစုပေါင်းချေးငွေတိုးတက်မှုထက် ၁ ဒသမ ၄ ရာခိုင်နှုန်း ပိုမိုခဲ့သည်။

ထို့ပြင် PBOC ၏ အစီရင်ခံစာတွင် တရုတ်နိုင်ငံ၏အစိမ်းရောင်စီးပွားရေးအသွင်ကူးပြောင်းမှုအတွက် ချေးငွေထောက်ပံ့မှုများပိုမိုအားကောင်းလာကြောင်းဖော်ပြထားသည်။ယခုနှစ်ဒုတိယသုံးလပတ်အဆုံးတွင် ပြည်တွင်း/ပြည်ပငွေကြေးဖြင့် ထုတ်ချေးထားသည့် အစိမ်းရောင်ချေးငွေပမာဏသည် ယွမ် ၄၂ ဒသမ ၃၉ ထရီလီယံအထိရှိခဲ့ပြီး ယခုနှစ်အစနှင့်နှိုင်းယှဉ်ပါက ၁၄ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်မှုရှိခဲ့ကြောင်း တွေ့ရှိရသည်။

**Source: https://en.people.cn/n3/2025/0723/c90000-20343944.html**

**(လျှန်ရှန်းမုန်၊ စီးပွားရေးသံမှူး၊ ကူမင်းမြို့)**

https://myantrade.gov.mm/n

## ဗီယက်နမ်နိုင်ငံသည် စင်ကာပူနိုင်ငံ၏ တတိယမြောက်ဆန်အများဆုံးတင်ပို့သည့် နိုင်ငံဖြစ်လာ

ဗီယက်နမ်နိုင်ငံသည် လက်ရှိတွင် စင်ကာပူနိုင်ငံသို့ တတိယမြောက် ဆန်အများဆုံးတင်သွင်းသည့် နိုင်ငံဖြစ်ပြီး ကောင်းစွာကြိတ်ခွဲထားသောဆန်မွှေးဆန်အမျိုးအစားနှင့်ပုံမှန်ဆန်ဖြူများတင်ပို့ရာတွင် သိသာထင်ရှားသောဈေးကွက်ဝေစုရရှိထားကြောင်း စင်ကာပူနိုင်ငံရှိ ကုန်သွယ်ရေးရုံးအဆိုအရ သိရသည်။

ပုံမှန်ဆန်ဖြူအမျိုးအစားသည် စင်ကာပူဈေးကွက်သို့ဝင်ရောက်လာသောဗီယက်နမ်ဆန်ထွက်ကုန်များအနက် ပို့ကုန် တန်ဖိုးအမြင့်ဆုံးဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် ပထမ ၆ လတွင် ပုံမှန်ဆန်ဖြူတင်ပို့မှုတန်ဖိုးသည် စင်ကာပူဒေါ်လာ ၃၈ ဒသမ၆ သန်း (အမေရိကန်ဒေါ်လာ ၃၀ ဒသမ၂ သန်း)ရှိခဲ့ပြီး ယခင်နှစ်အလားတူကာလထက် ၁၁ ဒသမ၉ ရာခိုင်နှုန်းတိုးလာကာ ဈေးကွက်ဝေစု၏ ၂၉ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်လာကြောင်း ဖော်ပြထားသည်။

စင်ကာပူစီးပွားရေးလုပ်ငန်းရှင်များအသင်း၏ စာရင်းအင်းများအရ ဆန်ဖြူတင်သွင်းမှုအား မိတ်ဖက်နိုင်ငံပေါင်း ၂၀ ကျော်မှ တင်ပို့လျက်ရှိကြောင်း၊ ဗီယက်နမ်နိုင်ငံသည် ဈေးကွက်ဝေစုတွင် ဒုတိယနေရာတွင်ရှိပြီး အိန္ဒိယနိုင်ငံသည် စင်ကာပူဒေါ်လာ ၆၀ ဒသမ ၉ သန်းဖြင့် ဈေးကွက်ဝေစု ၏ ၄၆ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း ရေးသားဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံသည် စင်ကာပူဈေးကွက်သို့ ဆန်ဖြူအပြင် တန်ဖိုးပိုမိုမြင့်မားသည့် အမျိုးအစား ၂ မျိုးဖြစ်သည့် ဆန်မွှေးဆန်နှင့်ကောက်ညှင်း ဆန်တင်ပို့ခဲ့ပြီး ၂၀၂၅ ခုနှစ် ပထမ ၆ လတွင် အဆိုပါပို့ကုန် ၂ မျိုးမှ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၅ သန်းနှင့် ၄ ဒသမ ၇ သန်းအသီးသီးရရှိခဲ့ကြောင်းနှင့် စင်ကာပူနိုင်ငံသွင်းကုန်ဈေးကွက်ဝေစု၏ ၅၇ ရာခိုင်နှုန်းနှင့် ၆၁ ရာခိုင် နှုန်း အသီးသီးရှိကြောင်း ဖော်ပြပါရှိသည်။

အဆိုပါအမျိုးအစားနှစ်မျိုးအတွက် စင်ကာပူသို့ သွင်းကုန်တန်ဖိုးသည် ၂၀၂၄ ခုနှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက တန်ဖိုးအားဖြင့်ကျဆင်းသွားသော်လည်း ဗီယက်နမ်သည်လက်ရှိတွင် နှစ်မျိုးစလုံးအတွက် အဓိကတင်သွင်းသူအဖြစ် ဆက်လက်တည်ရှိနေကြောင်း ဖော်ပြထားသည်။


စင်ကာပူ၏ ဆန်တင်သွင်းမှုဈေးကွက်သည် လက်ရှိတွင်တည်ငြိမ်နေသော်လည်း ဗီယက်နမ်ဆန်သည် အိန္ဒိယ၊ ထိုင်းနှင့် ဂျပန်နိုင်ငံတို့မှတင်သွင်းသည့်ဆန်များနှင့် သိသာထင်ရှားသောယှဉ်ပြိုင်မှု ရင်ဆိုင်နေရဆဲဖြစ်ကြောင်း စင်ကာပူနိုင်ငံရှိ ဗီယက်နမ်ကုန်သွယ်ရေးရုံးမှ မှတ်ချက်ပြုခဲ့သည်။ ဗီယက်နမ်နှင့် စင်ကာပူနှစ်နိုင်ငံအကြား ကုန်သွယ်မှုသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးရန် စင်ကာပူအစိုးရ၏အဆိုပြုချက်သည် အနာဂတ်တွင်စင်ကာပူသို့ဗီယက်နမ်ဆန်တင်ပို့မှုပိုမိုတည်ငြိမ်စေရန် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

Source: https://vneconomy.vn/vietnam-remains-singapores-3rd-largest-rice-

(ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟန္နိုင်းမြို့)

https://myantrade.gov.mm/n

## STOCK EXCHANGE (1.8.2025)



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data


As of 31st Jul. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,978 (Shares) | 6,933,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,100 | -100 | -1.39% | 7,100 | 7,100 | 7,100 | 559 | 3,968,900 | 33,109,694 | 235,079 |
| MTSH | 00002 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 34 | 112,200 | 38,929,150 | 128,466 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 2,000 | +50 | +2.56% | 1,950 | 2,000 | 1,950 | 131 | 260,500 | 29,664,613 | 59,329 |
| TMH | 00005 | 2,650 | +50 | +1.92% | 2,550 | 2,650 | 2,550 | 269 | 708,850 | 12,823,224 | 33,982 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,600 | 810 | 1,297,750 | 19,977,223 | 32,962 |
| AMATA | 00007 | 3,550 | -50 | -1.39% | 3,500 | 3,550 | 3,500 | 65 | 228,250 | 10,497,598 | 37,267 |
| MAEX | 00008 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 110 | 357,500 | 23,804,946 | 77,366 |



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary


As of 31st Jul. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 363.47 | -0.91 | -0.25% | 362.29 | 363.75 | 362.29 | 1,978 | 6,933,950 | 8 | 685,579 |

**Index chart**





### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 12:30 pm, 1st Aug. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,468 (Shares) | 23,202,000 (MMK) |

| MYANPIX | 360.79 ▼ 2.68 |
|---|---|
| Total Volume (shares) | 9,468 |
| Total Value (MMK) | 23 mil |
| Listed Company | 8 |
| Market Cap. (MMK) | 680,510 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,100 | ▲ 0 |
| MTSH | 00002 | 3,250 | ▼ 50 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 1,950 | ▼ 50 |
| TMH | 00005 | 2,600 | ▼ 50 |
| EFR | 00006 | 1,600 | ▼ 50 |
| AMATA | 00007 | 3,550 | ▲ 0 |
| MAEX | 00008 | 3,250 | ▲ 0 |



TIR